# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 1 , 2022 Volume 60, Number 1

**၁.၁၁.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၄၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၀၀၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၀၈၄.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၈၈.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၂၀.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၂.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၅၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၀၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၁၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၃၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၅၆၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်ပစ္စည်းများတင်ပို့ရန် GACC တွင် မှတ်ပုံတင်ရမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (General Administration of Customs of China-GACC) ၏ ကြေညာချက်အမှတ် (၂၄၈) နှင့် (၂၄၉)တို့အရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန်တင်ပို့မည့်/တင်ပို့လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် GACC တွင် မှတ်ပုံတင်ပြီးမှသာလျှင် တင်ပို့ခွင့်ရရှိမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့မည့် ကုန်စည်အမျိုးအစား(၄)ခုဖြစ်သည့် အသားနှင့် အသားထုတ်ကုန်များ၊ ရေထွက်ကုန်များ၊ နို့ထွက်ပစ္စည်းများ၊ ငှက်သိုက်နှင့် ဆက်စပ်ထုတ်ကုန်များနှင့် ကုန်စည်အမျိုးအစား (၁၄)ခုဖြစ်သည့် အစာသွပ်ရန် အသုံးပြုသည့် အပေါ်ခွံအစွပ်၊ ပျားရည်နှင့်ပျားထွက်ပစ္စည်း၊ ဥနှင့်ဥထုတ်ကုန်များ၊ စားသုံးဆီ၊ အပြင်အသားအား ဂျုံသားဖြင့်ပြုလုပ်ထားပြီး စားသုံးနိုင်သည့် သို့မဟုတ် အေးခဲထားသည့် ထုတ်ကုန်များ၊ စားသုံးနိုင်သော အစေ့အဆံများ၊ ကြိတ်ခွဲသီးနှံထွက်ကုန်များနှင့် မုယောစပါး၊ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ၊ ရေခဲတင်ထုတ်ထားသော ဟင်းသီးဟင်းရွက်များနှင့်ပဲခြောက်များ၊ အနံ့အရသာအတွက် အသုံးပြုသော ဟင်းခတ်အမွှေးအကြိုင်များ၊ အခွံမာသီးနှင့်အစေ့အဆံများ၊ သစ်သီး ခြောက်များ၊ မလှော်ထားသော ကော်ဖီနှင့်ကိုကိုးစေ့များ၊ အထူးအာဟာရ အစားအသောက်များ၊ ကျန်းမာရေးဖြည့်စွက်စာများ စုစုပေါင်းကုန်စည်အမျိုးအစား (၁၈) အုပ်စုတို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့တွင် မှတ်ပုံတင်ရမည်ဖြစ်ပါသည်။

ကုန်စည်အုပ်စုအလိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) တွင် မှတ်ပုံတင်နိုင်ရေးအတွက် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များမှာ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ဖြစ်ကြပါသည်။ အဆိုပါကုန်စည် အမျိုးအစား(၁၈)အုပ်စု၌ ပါဝင်ခြင်းမရှိသည့် ကုန်စည်များကို ထုတ်လုပ်/တင်ပို့မည့် လုပ်ငန်းများအနေဖြင့် တရုတ်နိုင်ငံ၏ ပြတင်းတစ်ပေါက်အစီအစဉ်ဖြစ်သည့် https://cifer.singlewindow.cn သို့ ဝင်ရောက်၍ ကိုယ်တိုင် Account ဖွင့်လှစ်ကာ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့အထိ ကုမ္ပဏီ/ စက်ရုံ (၁၀၈၀) ခုမှ ပေးပို့ထားသည့် စောင်ရေစုစုပေါင်း (၁၉၆၂) စောင်အား မှတ်ပုံတင်ရန် လျှောက်ထားပြီးဖြစ်ရာ စိုက်ပျိုးရေးဦးစီးဌာနမှ ကုမ္ပဏီ (၉၄၁)ခု၊ စောင်ရေ (၁၈၂၃)စောင်၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကုမ္ပဏီ/စက်ရုံ (၁၁၈)ခု၊

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

စောင်ရေ (၁၁၈)စောင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကုမ္ပဏီ(၁၂)ခု၊ စောင်ရေ(၁၂) စောင်နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကုမ္ပဏီ (၉)ခု၊ စောင်ရေ (၉)စောင်ဖြစ်ပါသည်။

အဆိုပါမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ အပါအဝင်ကုန်စည်များအား တရားဝင်တင်သွင်းနိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) မှ မှတ်ပုံတင်ပေးပြီးဖြစ်သည့် လုပ်ငန်းများစာရင်းအား တရုတ်နိုင်ငံ၏ ပြတင်းတစ်ပေါက် အစီအစဉ် https://ciferquery.singlewindow.cn/ ၌ဖော်ပြထားပါသည်။

Source: အေးသီရိမွန် (MYANTRADE)

## ကြက်သွန်နီဈေးပြန်လည်မြင့်တက်လာ ထပ်တက်နိုင်ခြေနည်းဟုဆို




ဈေးကွက်တွင် လက်ကျန်နည်းပြီး ပြည်ပအဝယ်စွဲ၍ ဈေးကျသွားသည့် ကြက်သွန်နီဈေး ပြန်လည်မြင့်တက်လာပေမယ့်လည်း ထပ်ပြီးတက်နိုင်ခြေမရှိတော့ကြောင်း ကြက်သွန်နီကုန်သည်များထံမှ သိရသည်။

လက်ရှိ တောင်သူလက်ထဲတွင် ကြက်သွန်နီ လက်ကျန်နည်းနေပြီး ဝယ်ယူသိုလှောင်ထားသည့် လုပ်ငန်းရှင်များ လက်ထဲတွင်သာကျန်ရှိတော့သည်ဖြစ်၍ ဈေးနှုန်းပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်းလည်း သိရသည်။ "ဒီဈေးက အမြင့်ဈေးနေမှာပါ။ ပိုတော့ မတက်လောက်ဘူး။ ပွဲရုံဈေး ၄၀၀၀ အထက်တော့ မတက်နိုင်ပါဘူး၊ ကျနော်မှန်းတာ ပေါ့နော်။ အဲ့ဈေးထက်မြင့်ရင်လဲ စားသုံးသူဘက်က ဘယ်လိုမှအဆင်မပြေတော့ဘူး။ အဲ့နားရောက်ရင်တော့ ပြန်ဆင်းတာပဲရှိတယ်။ တက်လေ့မရှိဘူး။ အခုက လက်ကြီးသမားတွေ လက်ထဲမှာပဲရှိတာ၊ စိုက်စရိတ်ကြီးလာတော့ ဈေးက အရင် ၂၀၁၉ ၊ ၂၀၂၀ က ၁၀၀၀ ဈေးနဲ့ ညီသွားတာပေါ့" ဟု ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။

ရန်ကုန်လက်လီဈေးကွက်တွင် ကြက်သွန်အလုံးသေး တစ်ပိဿာလျှင် ၄၀၀၀ ကျပ်ထိရှိပြီး မြစ်သားကြက်သွန် တပိဿာလျှင် ၅၀၀၀ ကျပ်အထိ ပေါက်ဈေးရှိနေကြောင်း အိမ်ရှင်မများထံမှသိရသည်။ "တောင်သူတွေလက်ထဲမှာ ကြက်သွန်မရှိတော့ဘူး။ ကုန်ပြီ၊ လက်ကျန်နည်းသွားတဲ့သဘောပါ၊ တရုတ်ဘက်ကလဲ ကြက်သွန်သိပ်မဝင်တော့ဘူးကြားတယ်။ လောလောဆယ်တော့ အရောင်းအဝယ်တော့လိုက်နေတယ်။ အဓိကအနေဖြင့် အရောင်းအဝယ်သွက်လာတာကြောင့် ကုန်ရှားလာပြီး ဈေးမြောက်တာပေါ့"ဟု မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ်မှ ကြက်သွန်ကုန်သည် ကိုအောင်စိုးမြင့်က ပြောသည်။

ဗီယမ်နမ်နိုင်ငံမှ ကိုယ်စားလှယ်များက ပြည်တွင်းဈေးကွက်ထိ အဝယ်ဆင်းလာသည့်အတွက် ပြည်ပအဝယ်ဆွဲကာ ကုန်ရှားလာခြင်းလည်းဖြစ်ကြောင်းသိရသည်။ ယခင်က တောင်သူတောဈေး တစ်ပိဿာလျှင် ၂၂၀၀ ကျပ်မှ လက်ရှိတွင် တစ်ပိဿာလျှင် ၃၅၀၀ အထိ မြင့်တက်ခဲ့ပြီး ပွဲရုံဈေးမှာ တစ်ပိဿာလျှင် ၄၀၀၀ ပတ်ချာလည်တွင်ရှိကြောင်းသိရသည်။ "အရင်က အလုံးသေးကို ၃၅၀၀ ပဲ ပေးရတယ်။ အခု အသေးလေးကို ၄၀၀၀ ၊ ၄၅၀၀ ပေးရတယ်။ မြစ်သားဆို ၅၀၀၀ ထိ ဈေးမြင့်တက်လာတယ် ၊ ကြက်သွန်စိုက် တောင်သူရှိတဲ့ဒေသသာ ဈေးကျမယ်။ ရန်ကုန်မှာက အစကတည်းကကို မကျတာ၊ အခုပိုတက်လာတာ၊ ဆီဈေးကတော့ ကျသွားတယ် " ဟု ရန်ကုန်မြို့နေ အိမ်ရှင်မတစ်ဦးကပြောသည်။

ပြည်တွင်းဈေးကွက်သို့ နိုဝင်ဘာလဝက်မှသာ ကြက်သွန်နီသစ်များ ဝင်ရောက်တော့မည်ဖြစ်ပြီး ဒီဇင်ဘာမှဖေဖော်ဝါရီထိ ဆက်တိုက်ပေါ်မည်ဖြစ်ကြောင်းသိရသည်။ လတ်တလောတွင်ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများနှင့် သွင်းအားစုများ ဈေးကြီးနေခြင်း၊ သယ်ယူပို့ဆောင်ရေးအပါအဝင် အခြားအခက်ခဲများစွာရှိနေခြင်းတို့ကြောင့် ကြက်သွန်စိုက်ပျိုးသူ တစ်နှစ်ထက်တစ်နှစ် နည်းလာကြောင်းသိရသည်။

စိုက်ပျိုးမှုနည်းပြီး မြေဩဇာကောင်းကောင်း မသုံးနိုင်ခဲ့သည့်အတွက် အထွက်နှုန်းအပြင် အရည်သွေးလည်းကျဆင်းနေကြောင်း တောင်သူများထံမှ သိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှ ထုတ်ပြန်ချက်အရ ဆိပ်ဖြူ(ရှယ်) ၃၇၀၀ မှ ၃၉၀၀ ကျပ်၊ ဆိပ်ဖြူ(လတ်ကြီး ) ၃၆၀၀ မှ ၃၇၀၀ ကျပ်၊ မြင်းခြံ (ကံဆင့်) (ရှယ်) ၄၂၀၀၊ မြင်းခြံ (လတ်ကြီး) ၄၀၀၀ ကျပ်၊ တောင်သာ(ရှယ်) ၃၄၀၀၊ (လတ်ကြီး) ၃၂၀၀ အထိ ပေါက်ဈေးရှိကြောင်းသိရသည်။

**Source: (AMIA)**

https://t.me/htwettoe

## သက်တုံကျေးရွာတွင် နနွင်းစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သက်တုံကျေးရွာတွင် စိုက်ပျိုးထားရှိသော နနွင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

နနွင်းသီးနှံ စိုက်ပျိုးမည်ဆိုပါက မြေကိုကောင်းစွာပြုပြင်ပြီး အကျယ် ၃ ပေ၊ အမြင့် ၁ ပေခွဲခန့် မြေပေါင်များ ပြုလုပ်ကာ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးရာတွင် နနွင်းခေါင်းမျိုး စိုက်ပျိုးခြင်းနှင့် နနွင်းအတက်မျိုး စိုက်ပျိုးခြင်းဟူ၍ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးရာတွင် တစ်ပင်နှင့်တစ်ပင်၊ တစ်တန်းနှင့်တစ်တန်း ၅ လက်မအကွာ စိုက်ပျိုးရကြောင်း မြေအစိုဓာတ်ရရှိစေရန် ရေသွင်းပေးရကြောင်း သိရသည်။

နနွင်းသီးနှံသည် စိုက်ပျိုးပြီး လေးလခန့်တွင် နနွင်းအပွင့်များ စတင်ပွင့်ပြီး ဈေးကွက်တွင်ရောင်းချပါက နနွင်း တစ်ဧကတွင် ငွေကျပ် ခုနစ်သောင်းခန့်ရကြောင်း၊ ရှစ်လကျော်တွင် နနွင်းများတူးဖော်ရကြောင်း၊ တူးဖော်ရာ၌ တစ်ဧကတွင် နနွင်းအတက်အစို အချိန်ပိဿာ ၃၇၀၀ မှ ပိဿာ ၄၀၀၀ ထွက်ရှိပြီး နနွင်းအခြောက် ကုန်ချိန် ပိဿာ ၈၀၀ မှ ပိဿာ ၁၀၀၀ ခန့်ရရှိကြောင်း နနွင်းစိုက်တောင်သူများထံမှ သိရသည်။

ကျောက်ဆည်မြို့နယ် အတွင်းရှိ ကျေးရွာများတွင် စုစုပေါင်း ၁၀၂၁ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

**Source:** https://www.myawady.net.mm/node/32177

## မြန်မာနိုင်ငံမှ မီဇိုရမ်သို့ ကျွဲ၊ နွားတင်သွင်းမှုများအပေါ် တားမြစ်မိန့်ကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ထုတ်ပြန်ထား

တန်ဖိုး - အမေရိကန်ဒေါ်လာ
WET SALTED CATTLE & BUFFALO HIDES
(ကျွဲ၊ နွားသားရေဆားနယ်အစို)

| စဉ် | ဘဏ္ဍာနှစ် | ရေတွက်ပုံ | တန်ချိန် | တန်ဖိုး |
|---|---|---|---|---|
| ၁ | ၂၀၁၈-၂၀၁၉ | တန် | ၈၅၈.၀၀၀ | ၀.၄၆၄ |
| ၂ | ၂၀၁၉-၂၀၂၀ | တန် | ၄၉၂.၀၀၀ | ၀.၂၄၆ |
| ၃ | ၂၀၂၀-၂၀၂၁ | တန် | ၁၆၀.၇၇၆ | ၀.၀၈၀ |
| ၄ | ၂၀၂၁-၂၀၂၂(MiniBudget) | တန် | ၈၅၀.၀၀၀ | ၀.၃၅၇ |
| ၅ | ၂၀၂၂-၂၀၂၃(၁၄-၁၀-၂၀၂၂)ထိ(ယာယီ) | တန် | ၁၁၇၅.၀၀၀ | ၀.၄၇၉ |

https://www.commerce.gov.mm

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းရှိ မီဇိုရမ်ပြည်နယ်အတွင်းသို့ မြန်မာနိုင်ငံမှ ကျွဲ၊ နွားတင်သွင်းမှုအား တားမြစ်ရန် ဆုံးဖြတ်ချက်ကို ချန်ဖိုင်ခရိုင် တရားသူကြီးက ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့ကြောင်း သိရပါသည်။

ခရိုင်တရားသူကြီး James Lalrinchana ၏အဆိုအရ အိန္ဒိယ-မြန်မာ နယ်စပ်တလျှောက်ရှိ ကျေးရွာအချို့တွင် ခွာနာလျှာနာရောဂါ ကူးစက်ခံထားရသည်ဟု သံသယရှိသည့် ကျွဲ၊ နွားများကို တွေ့ရှိခဲ့ကြောင်း၊ ထို့ကြောင့် ကျွဲ၊ နွားအများအပြား၌ ၎င်းရောဂါကူးစက်ခံထားရသည်ဟု သံသယရှိခြင်းကြောင့် အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဖျားနာနေသည့် ကျွဲ၊ နွားများထံမှ နမူနာများကို ခွဲခြမ်းစိတ်ဖြာ၍ စစ်ဆေးရန်အတွက် အိုက်ဇောနှင့် Guwahati သို့ပေးပို့မည်ဖြစ်ကြောင်း သိရပါသည်။

ကြေညာချက်အရ မြန်မာနိုင်ငံမှ ကျွဲ၊ နွားတင်သွင်းမှုနှင့် ဒေသတွင်း၌ ဖျားနာမှုမရှိသော ကျွဲ၊ နွားများ အပါအဝင် ကျွဲ၊ နွားများပို့ဆောင်ခြင်းတို့ကို တင်းတင်းကျပ်ကျပ် တားမြစ်မည်ဖြစ်ကြောင်း သိရပါသည်။ မြန်မာနိုင်ငံမှ တင်သွင်းမှုသည် ကျွဲ၊ နွားများနှင့်ဝက်များ၌ ဝက်တုပ်ကွေးနှင့် အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကဲ့သို့သော ရောဂါအများအပြားကို တွေ့ရှိခဲ့ဖူးသည်ဟုလည်း သတင်းများသို့ ထည့်သွင်းပြောကြားခဲ့သည်ကို တွေ့ရပါသည်။

တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ခွာနာလျှာနာရောဂါမှာ ရောဂါဖြစ်ပွားမှုမပေါ်မချင်း မကြာခဏဖြစ်ပေါ်နိုင်ပြီး၊ တိရစ္ဆာန်များကို အစုလိုက်အပြုံလိုက် ကာကွယ်ဆေးထိုးခြင်းဖြင့် ထိန်းချုပ်သွားနိုင်မည် ဖြစ်ပါသည်။

မီဇိုရမ်ပြည်နယ်သည် မြန်မာနိုင်ငံမှ တင်ပို့သည့် တိရစ္ဆာန်များအပေါ် တားမြစ်ချက်များအား မကြာခဏချမှတ်လေ့ရှိသော ပြည်နယ်တစ်ပြည်နယ်ဖြစ်ကာ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်များအတွင်း အာဖရိကဝက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် ဝက်များတင်သွင်းမှုကိုတားမြစ်ခဲ့ခြင်း၊ ၂၀၁၇ ခုနှစ်တွင် Porcine မျိုးပွားနှင့် အသက်ရှူလမ်းကြောင်းလက္ခဏာ (PRRS) နှင့် ဝက်တုပ်ကွေးရောဂါကြောင့် ဝက်များတင်သွင်းမှုကို ကျွဲ၊ နွားနှင့်ဝက် တင်သွင်းမှုများကိုတားမြစ်ခဲ့ခြင်း၊ ၂၀၁၉ ခုနှစ်တွင် အာဖရိကဝက်တုပ်ကွေးကြောင့် ဝက်များတင်သွင်းမှုကို တားမြစ်ခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ဖူးသည်ကို တွေ့ရပါသည်။

သို့ရာတွင် မြန်မာဘက်မှ မှတ်တမ်းတင်ထားသည့် အချက်အလက်များအရမူ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၃ ဘဏ္ဍာနှစ် (အောက်တိုဘာလ ၁၄ ရက်နေ့အထိ) ကာလအတွင်း အိန္ဒိယဘက်သို့ ကျွဲ၊ နွားအရှင်များကို တင်ပို့ခဲ့ခြင်းမရှိဘဲ ကျွဲ၊ နွား သားရေဆားနယ်အစိုများကိုသာ အောက်ဖော်ပြပါ ပမာဏနှင့်တန်ဖိုးများဖြင့် တင်ပို့မှုသာရှိကြောင်း တွေ့ရှိရပါသည် -

အထက်ဖော်ပြပါ အချက်အလက်များအရ မြန်မာ-အိန္ဒိယနယ်စပ်ဒေသများတွင် မြန်မာနိုင်ငံဘက်မှ ကျွဲ၊ နွားစသည့် တိရစ္ဆာန်အရှင်များကို တရားမဝင် တင်ပို့နေမှုများရှိနေသည်ကို လေ့လာသိရှိရပါသည်။ ထိုသို့ တရားမဝင်တင်ပို့နေမှုများမှာ နိုင်ငံတော်အတွက် အခွန်အကောက်နစ်နာစေခြင်း၊ မြန်မာနိုင်ငံ၏ လယ်ယာလုပ်ငန်းခွင်၌ အသုံးပြုနေသော ကျွဲ၊ နွား စသည်များကို အထိန်းအကွပ်မရှိ တင်ပို့ရောင်းချလာလျှင် ပြည်တွင်း၌ ကျွဲ၊ နွားလိုအပ်ချက် များပြားလာနိုင်ခြင်း၊ တိရစ္ဆာန်များ၌ ရောဂါကူးစက်နေမှုများကို စနစ်တကျထိန်းချုပ်နိုင်မှုမရှိခြင်းနှင့် ရာဇဝတ်မှုများပြားလာနိုင်ခြင်းတို့ကြောင့် ၎င်းကိစ္စအား ထိန်းကျောင်းဆောင်ရွက်ရန် လိုအပ်နေပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**Source:**https://www.indiatodayne.in/mizoram/story/mizoram-government-bans-import-cattle-myanmar-461713-2022-10-22

**ဒေါက်တာရွှေစင်ကို**

**ကုန်သွယ်ရေးဦးစီးဌာန**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

https://www.commerce.gov.mm/my/article/update-news-international-trade/%E1%80%99%E1%80%BC%E1%80%94%E1%80%BA%E1%80%99%E1%80%AC%E1%80%94%E1%80

## မလေးရှားတွင် ကြက်ဥပြတ်လပ်မှုပြဿနာ ဆက်လက်ကြီးမားနေဆဲ



https://www.foodindustrydirectory.com.mm

ကြက်ဥရှားပါးမှုကြောင့် မလေးရှားရှိစားသုံးသူများ စိတ်အနှောင့်အယှက်ဖြစ်ကြရသည်။ ကြက်ဥဆက်လက် ရှားပါးနေဦးမည်ဟု စိုးရိမ်ကြသဖြင့် ဈေးတွင်ရနိုင်သမျှ ကြက်ဥတို့ကို ဝယ်ယူကြသည်။

မလေးရှား နေလှန်းအခြောက်ခံကုန်ပစ္စည်းများ၊ ကုန်သည်များ၊ အသင်းများအဖွဲ့ချုပ် Federation of Sundry Goods Merchants Associations of Malaysia, ဥက္ကဋ္ဌ Mr.Hong Chee Meng က "ကျွန်တော်တို့ရဲ့ အသင်းဝင်များအဆိုအရ သတ်မှတ်ထားသောဆိုင်များသို့ ရောက်ရှိလာတဲ့ကြက်ဥတွေ နာရီပိုင်းအတွင်းအားလုံးကို သိမ်းကျုံးဝယ်လိုက်ကြတယ်" ဟု ပြောကြားခဲ့သည်။

ကြက်စာအတွက် အဓိကပါဝင်ပစ္စည်း နှစ်မျိုးဖြစ်သည့် ပြောင်းနှင့်ပဲပုပ် ကြက်စာဈေးနှုန်းများ မြင့်တက်မှုကြောင့် ကြက်မွေးမြူရေးခြံများက ကြက်ကောင်ရေလျှော့ပြီး မွေးမြူကြခြင်းကြောင့် ကြက်ဥမလုံမလောက်ဖြစ်နေရကြောင်း ၎င်းက ပြောသည်။ နေထိုင်ရာ နေရာအနီးအနားတွင် ကြက်ဥရနိုင်မည့် နေရာနှင့်အချိန်တင်ပြသည်ကို အချိန်မီသိဖို့ ဆိုရှယ်မီဒီယာပေါ်တွင် အနီးကပ်စောင့်ကြည့်နေကြသည်။ "ကျွန်မတို့ Facebook မှ 'egg updates' အတွက် community groups တွေကို စောင့်ကြည့်ကြရတယ်။ အိမ်အနီးအနားက ဆိုင်မှာ ကြက်ဥတွေရောက်လာပြီလို့ သတင်းတင်ပေးလိုက်ရင် ဆိုင်ကို အမြန်

TIR

သွားပြီး ကြက်ဥဝယ်ဖို့တန်းစီရတယ်"ဟု အသက် ၄၅ နှစ်ရှိသူ အိမ်ရှင်မ Lim Ai Swam က ပြောပြသည်။ သူ့မိသားစုအတွက် အပတ်စဉ် ကြက်ဥအလုံး ၂၀ လိုအပ်သော Ms. Lim က မကြုံစဖူးပြတ်လပ်မှုဖြစ်သည်ဟုဆိုသည်။ "ကြက်ဥတွေ အလုံအလောက်ရှိသင့်ပါတယ်။ ဒါမျိုး အရင်က တစ်ခါမှမဖြစ်ဖူးဘူး" ဟု သူမကပြောကြားသည်။

မလေးရှားအစိုးရက အမြင့်ဆုံး ကြက်ဥဈေးနှုန်းများကို ဆက်လက်ထားရှိမည်ဟု အောက်တိုဘာ ၁ဝ ရက်က ကြေညာခဲ့သည်။ ကြက်မွေးမြူရေးသမားများသည် ကြက်စာစရိတ်များ တိုးမြင့်လာမှုကိုထိန်းညှိပေးနိုင်ရန် အစိုးရအား အမြင့်ဆုံး ကြက်ဥဈေးနှုန်းသတ်မှတ်ခြင်း ရုပ်သိမ်းပေးဖို့ တောင်းဆိုကြသည်။ အလေးချိန် ၅၉.၉ နှင့် ၆၅ ဂရမ်ကြားရှိ Grade A, B နှင့် C ကြက်ဥဈေးနှုန်းများကို အစိုးရကထိန်းချုပ်ထားသည်။

မလေးရှား မွေးမြူရေးလုပ်ငန်းရှင်များအသင်းအဖွဲ့ချုပ် Federation of Livestock Farmers Associations of Malaysia ၏ ဒုဥက္ကဋ္ဌ လီယွန်ယူက အစိုးရက ကြက်ဥဈေးနှုန်းများကို နှုန်းရှင်မထားသေးသရွေ့ အခြေအနေတိုးတက်မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။ "မကြာမီကာလအတွင်းမှာ ရင်းဂစ်တန်ဖိုးက အမေရိကန်ဒေါ်လာနဲ့ယှဉ်ရင် တကယ်လို့ တန်ဖိုးကျတယ်ဆိုရင် ပြည်ပမှတင်သွင်းလာတဲ့ အစာကုန်ကြမ်းတွေက ပိုဈေးကြီးလာမယ်။ အဲဒါကြောင့် ကြက်ဥထုတ်လုပ်မှု ကုန်ကျစရိတ်မြင့်မားလာကာ ကြက်မွေးမြူသူတွေ ငွေကြေးအရ ပိုမိုကျပ်တည်းလာမယ်။ ယခုလို အခြေအနေက နောက်နှစ် တစ်လျှောက်လုံး ဆက်ဖြစ်နိုင်ချေရှိလိမ့်မယ်" ဟု ၎င်းကပြောကြားသည်။

**Source: THE STAR/ASIA NEWS NETWORK**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5232-malaysia-egg-shortage.html

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဈေးကွက်ရရှိနေသော မြန်မာ့ကော်ဖီမစ်



https://www.commerce.gov.mm

မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ တင်ပို့နေသော စက်မှုကုန်ချော ပစ္စည်းများအနက် ကော်ဖီမစ်သည်လည်း ပို့ကုန်အမယ်တစ်ခုအဖြစ် ပါဝင်လျက်ရှိသည်။ မြန်မာ့ ကော်ဖီမစ်များအား ပြည်ပပို့ကုန်အဖြစ် ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ မောင်တောကုန်သွယ်ရေး စခန်းမှ တင်ပို့လျက်ရှိသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(Mini Budget) (၆) လတာကာလအတွင်း ကော်ဖီမစ်တန်ချိန် (၁၀.၄) တန်၊ တန်ဖိုး (၀.၀၃၀) ဒေါ်လာသန်း တင်ပို့နိုင်ခဲ့သော်လည်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ကော်ဖီမစ် တန်ချိန် (၅) တန်၊ တန်ဖိုး (၀.၀၁၅) ဒေါ်လာသန်းသာ တင်ပို့နိုင်ခဲ့သဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) ကာလထက် (၀.၀၁၅) ဒေါ်လာသန်း တင်ပို့မှုလျော့နည်းခဲ့ကြောင်း သိရသည်။

**Source:**https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade/%E1%80%98%E1%80%84%E1%80%B9%E1%80%82%E1%80%9C%E1%80%AC%E1

## မန္တလေးကုန်စည်ဒိုင်သို့ ပြောင်းဖူးစေ့အသစ်ဝင်ရောက် အရောင်းသွက်၍ဈေးမြင့်လာ

အောက်တိုဘာလ တတိယပတ် မန္တလေးကုန်စည်ဒိုင်သို့ ရွှေဘို၊ ကန့်ဘလူ၊ ကျွန်းလှဘက်မှ ဗမာပြောင်းဖူးစေ့များ ဝင်ရောက်နေပြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်တောင်ပိုင်းမှ စီပီပြောင်းများ ဝင်ရောက်နေ၍ တရုတ်ဝယ်လက်နှင့်တိရစ္ဆာန် အစာတောင့်စက်ရုံများမှ ဝယ်ယူနေကြောင်း၊ အရောင်းသွက်၍ ယခင်တစ်ပတ်ထက် ဈေးမြင့်လာကြောင်း မန္တလေး ကုန်စည်ဒိုင်မှသိရသည်။

**ရှမ်းပြောင်းဖူးစေ့** ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ တစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၅၆၀၀၀ မှ ၅၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၃၅၀၀ မှ ၅၃၀၀၀ ၊ ယခင်လ ကျပ် ၅၁၀၀၀ မှ ၅၀၀၀၀ ဖြစ်သည်။ သုံးတင်းတစ်အိတ်လျှင် ယခင် တစ်ပတ်ထက်ကျပ် ၂၀၀၀ မှ ၂၅၀၀ ၊ ယခင်လထက်ကျပ် ၅၀၀၀ မြင့်တက်လာသည်။

**စီပီပြောင်း** ၅၄ ပိဿာဝင်သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၅၆၀၀၀ မှ ၅၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၄၃၅၀၀ မှ ၅၃၀၀၀၊ ယခင်လ ကျပ် ၅၁၀၀၀ မှ ၅၀၀၀၀ ဖြစ်သည်။ သုံးတင်းတစ်အိတ်လျှင် ယခင်တစ်ပတ်ထက်ကျပ် ၂၀၀၀ မှ ၂၅၀၀ ၊ ယခင်လထက်ကျပ် ၅၀၀၀ မြင့်တက်လာသည်။

**ဗမာပြောင်းဖူးစေ့** ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၅၄၀၀၀ မှ ၅၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၂၅၀၀ မှ ၅၃၀၀၀၊ ယခင်လ ကျပ် ၄၉၀၀၀ မှ ၅၃၀၀၀ ဖြစ်သည်။ သုံးတင်းတစ်အိတ်လျှင် ယခင်တစ်ပတ်ထက် ကျပ် ၁၅၀၀ မှ ၂၀၀၀ ယခင်လထက် ကျပ် ၂၀၀၀ မှ ၅၀၀၀ မြင့်တက်လာသည်။

Source: **ရတနာပုံကုန်သွယ်မှုဗဟိုဌာန**

## ကချင်ပြည်နယ်၏ အောက်တိုဘာလ ၂၂ ရက်မှ ၂၈ ရက်နေ့များအတွင်း မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၂ ရက်မှ ၂၈ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူး ငှက်ပျော၊ ရော်ဘာ၊ ဆန်၊ နှမ်းနက်၊ ပိုးလုံးအိမ်၊ ကြိမ်နှင့်ဆန်ကွဲများ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၁၃၁၉၆၆ ဒသမ ၂၂ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏမှာ ၃၇၅၀၀၀ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၁၆၉၄၆၆ ဒသမ ၂၂ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ဓါတ်မြေသြဇာများ၊ လယ်ထွန်စက်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ သံနှင့်သံမဏိ ပစ္စည်းများ၊ သတ္တုကုန်ချောဆောက်လုပ်ရေးပစ္စည်းများ၊ မြက်ခင်းတု၊ ဟိုလိုသံပိုက်နှင့်အခြားပစ္စည်းများ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၈၇၄၇၈ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁၆၄၁၆၀ ဒသမ ၈ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၂၅၁၆၃၈ ဒသမ ၈ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၄၆ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၉ ဒသမ ၀၁ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနော်မြေကုန်သွယ်မှုဗဟိုဌာန**

## STOCK EXCHANGE (1.11.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 1st Nov. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,200 | -100 | -1.08% | 9,200 | 9,200 | 9,200 | 200 | 1,840,000 | 33,109,694 | 304,609 |
| MTSH | 00002 | 3,400 | +0 | +0.00% | 3,300 | 3,400 | 3,300 | 1,102 | 3,657,050 | 38,929,150 | 132,359 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 37 | 284,900 | 10,400,986 | 80,088 |
| FPB | 00004 | 19,500 | +0 | +0.00% | 20,000 | 20,000 | 19,500 | 62 | 1,212,500 | 2,472,053 | 48,205 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 52 | 140,400 | 12,823,224 | 34,623 |
| EFR | 00006 | 2,650 | -50 | -1.85% | 2,650 | 2,650 | 2,650 | 600 | 1,590,000 | 19,977,223 | 52,940 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 110 | 550,000 | 10,497,598 | 52,488 |


## Market summary

As of 1st Nov. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 405.44 | -2.48 | -0.61% | 407.92 | 407.92 | 403.20 | 2,163 | 9,274,850 | 7 | 705,312 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 1st Nov. 2022

| MYANPIX | 405.44 ▼ 2.48 |
|---|---|
| Total Volume (shares) | 2,163 |
| Total Value (MMK) | 9 mil |
| Listed Company | 7 |
| Market Cap. (MMK) | 705,312 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,200 | ▼ 100 |
| MTSH | 00002 | 3,400 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 2,650 | ▼ 50 |
| AMATA | 00007 | 5,000 | ▲ 0 |